မှတ်ပုံတင်ကြေးနန်းစာပုံစံ(အစား)

ရက်၊ အချိန်

( ပ ) လစခ(၄)　　　　　　　　　　　　၂၀၂၂ ဇန် ၀၆ ၀၉၃၅

(လ) လကတ(၁၀၀၇/၂၀၁၄/၃၀၁၄)

===

၁ ဦး ၁ ။ လ၀၂ ။ ရတာခ၏ ကန ၈ ဦး ၁ / ၀၂၂၃၀ ကိုညွှန်း။

(၁) ညွှန်းကနအရ ပြစ်မှုဆိုင်ရာနိုင်ငံတကာခုံရုံး International Criminal Court-ICC နှင့် အာဂျင်တီးနားနိုင်ငံဖက်ဒရယ်တရားရုံးတို့မှ ပေးပို့လာသည့် အောက်ဖော်ပြပါအကြောင်းအရာနှင့်စပ်လျဉ်းသည့်စာများကို လက်ခံခြင်း မပြုရန် အကကာသည်-

(က) ပြစ်မှုဆိုင်ရာ နိုင်ငံတကာခုံရုံး International Criminal Court-ICC သည် ၂၀၁၈ စက် ၆ ရက်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာဆိုသူ မူဆလင်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကြပ် ပြောင်းရွှေ့စေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ Burmese Rohingya Organization UK(BROUK)မှ အာဂျင်တီးနာနိုင်ငံ၊ ဗြူနိုစ်အေးရိစ်မြို့၏ ဖက်ဒရယ်တရားရုံးတွင် ၂၀၁၉ နို ၁၃ ရက်တွင် ယခင် အကြီးအကဲ ဟောင်းများ၊ တပ်မတော်အရာရှိကြီးများနှင့် အစိုးရခေါင်းဆောင်များကို ရိုဟင်ဂျာဆိုသူမူဆလင်များအား လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများ ပြုလုပ်ခဲ့မှု။

( ခ ) မြန်မာနိုင်ငံအနေဖြင့် ICC အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ICC အဖွဲ့ဝင်ဖြစ်သည့် Rome Statue အဖွဲ့ဝင်ဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံ၏ နယ်မြေအတွင်းဖြစ်ပွားသည့် ပြစ်မှုများအပေါ် တရားစီရင်နိုင်သည်ဟူ၍ ဆုံးဖြတ်ကာ Pre-Trail Chamber III (ပဏာမကြားနာရေးအဖွဲ့တစ်ရပ်)ကို ၂၀၁၉ ဇွန် ၂၅ ရက်တွင် ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိမှု။

( ဂ ) မြန်မာနိုင်ငံအနေဖြင့် Rome Statue အဖွဲ့ဝင် မဟုတ်သည့်အတွက် ICC ၏ ဆုံးဖြတ်ချက်အား လိုက်နာရန် မလိုအပ်ကြောင်း ရပ်တည်ချက်အတိုင်း ဆက်လက်ရပ်တည်လျက်ရှိသော်လည်း ဖြစ်နိုင်ချေများအနေဖြင့် စွဲဆိုသူများ၏ အထောက်အထားများ ခိုင်လုံမှုရှိသည်ဟုဆိုကာ ICC တရားသူကြီးများအနေဖြင့် ဖမ်းဝရမ်း၊ သို့မဟုတ် လာရောက်ရန် သမ္မာန်စာထုတ်ဆင့် လာနိုင်မှု။

(၂) သို့ဖြစ်၍ ဌာနခကွပ်ကဲမှုအောက် လိပ်မူပါရင်းများအနေဖြင့် ICC အာဂျင်တီးနား တရားရုံးများနှင့် တရားစွဲဆိုသူများထံမှ ပေးပို့လာသည့်စာဖြစ်စေ၊ ပြည်ပ သွားလာခွင့်ကန့်သတ်ခြင်းဆိုင်ရာ ဖမ်းဆီးမိန့်ဖြစ်စေ၊ ဖမ်းဝရမ်း၊ သို့မဟုတ် လာရောက်ရန် သမ္မာန်စာဖြစ်စေ၊ ပြည်ပမှဝင်ရောက်လေ့ရှိသည့် DHL အပါအဝင်အမြန်ချောပို့၊ အခြားနည်းလမ်းဖြင့် ပေးပို့လာသည့်စာများကို လက်ခံခြင်း မပြုစေရေးနှင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ **Viber, Messenger, Telegram** စသည့် **Social Media** များမှ အကြောင်းကြားချက်အား အဆင့်ဆင့်ပေးပို့ခြင်း လုံးဝ(လုံးဝ)မပြုလုပ်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန်၊ ဖောက်ဖျက်ရှိပါက စစ်စည်းကမ်းအရ ပြင်းထန်စွာ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အထက်ပါ ညွှန်ကြားချက်အား အလေးထားလိုက်နာဆောင်ရွက်သွားရန် အကကသည်။

---

ဝှက်စာဖြင့်ပို့

**ဦးစားပေးအဆင့်အတန်း**
လျှို့ဝှက်

စစ်ဦးစီး(တ)(စစ်ဆင်ရေး)
ကြည်း ၅၆၄၅၃ ဗိုလ်ကြီး အောင်ကိုဇော်